UNITED NATIONS NATIONS UNIES

OFFICE OF THE RESIDENT & HUMANITARIAN COORDINATOR, YANGON, REPUBLIC OF THE UNION OF MYANMAR

# ဘေးအန္တရာယ်ကို ကြံ့ကြံ့ခံပြီး ပြန်လည်ရပ်တည်နိုင်စွမ်းရှိသော မြန်မာပြည်ရှိလူထုတစ်ရပ်လုံးသည် ရေဘေးပြန်လည်ထူထောင်ရေးကာလကို ရဲစွမ်းသတ္တိ၊ သိက္ခာပြည့်ဝစွာဖြင့် ရင်ဆိုင်လျက်ရှိ

(ရန်ကုန်၊ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်) မြန်မာနိုင်ငံ၏ဒေသအနှံ့အပြားတွင် ရေဘေးကြောင့် ကြီးမားစွာထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ပြီးနောက်၊ ရက်သတ္တပတ်လေးပတ် ကြာမြင့်သည့်အချိန်တွင်ပင် မြစ်ဝကျွန်းပေါ်ဒေသရှိ ရပ်ရွာလူထုများမှာ ရေကြီး၊ရေလျှံမှုကို ဆက်လက်ကြုံတွေ့နေရဆဲဖြစ်သည်။ ထိုဒေသများသို့ လှေများဖြင့်သာ ဆက်သွယ်သွားလာနိုင်ပြီး၊ ဒေသတွင်းရှိ ပြည်သူများမှာ အစိုးရနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၏ ပံ့ပိုးမှုများနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ ထူးခြားပြောင်မြောက်သော ဆောင်ရွက်ချက်များ ဖြစ်သည့် စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် တညီတညွတ်တည်း ဝိုင်းဝန်းပံ့ပိုး၊ လှူဒါန်းပါဝင်မှုများဖြင့်သာ ရပ်တည်ကြရလျက်ရှိသည်။

ဇူလိုင်လနှင့် ဩဂုတ်လများအတွင်းတွင် ရေကြီးရေလျှံမှုများကြောင့် လူပေါင်း ၁၂၁ ဦးအသက်ဆုံးရှုံးခဲ့ရပြီး၊ ပြည်သူပေါင်း ၁.၆ သန်းကျော်မှာ ၎င်းတို့၏ အိုးအိမ်များကို ယာယီစွန့်ခွာရွှေ့ပြောင်းခဲ့ရသည်။ အစိုးရ၏ ထုတ်ပြန်ချက် များအရ စိုက်ပျိုးမြေလယ်ဧကပေါင်း ၁.၄ သန်းကျော် ရေမြုပ်ခဲ့ရပြီး၊ စပါးနှင့် အခြားစိုက်ပျိုးသီးနှံ ဧကပေါင်း တစ်သန်းကျော် ထိခိုက်မှုရှိခဲ့သည်။ မြန်မာနိုင်ငံ၏ ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခု အနက်မှ ၁၂ ခုမှာ ရေဘေးသင့်ခဲ့သည်။ ရေဘေးကြောင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ခြောက်ခုမှာ ပြင်းထန်စွာထိခိုက်မှုရှိခဲ့ပြီး၊ ၎င်းတို့ အနက်မှ ပြည်နယ်နှင့်တိုင်းဒေသကြီး လေးခုကို နိုင်ငံတော်အစိုးရမှ သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသ များအဖြစ် ကြေငြာခဲ့သည်။

ယခုရက်သတ္တပတ်အတွင်း ဧရာဝတီတိုင်းဒေသကြီးသို့ သွားရောက်ခဲ့သည့် ကုလသမဂ္ဂ လက်ထောက် အထွေထွေ အတွင်းရေးမှူး၊ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်၊ ဘေးအန္တရာယ် တုန့်ပြန် ဆောင်ရွက်ရေးဌာန၏ ညွှန်ကြားရေးမှူးနှင့် ဦးစီး အရာရှိ မစ္စ အီဇူမီ နာကာမိဆုသည် သူမ သွားရောက်ခဲ့သည့် ဒေသများတွင် တွေ့ကြုံရသည့် အခြေအနေများကြောင့် အံ့ဩမှင်သက်မိခဲ့သည်။ မိသားစုများမှာ ရေတက်လာချိန်တွင် ရေဘေးမှလွတ်ရန်အတွက် စိတ်ကူးစိတ်သန်းကောင်းစွာဖြင့် ဝါးများကို အသုံးပြုကာ ၎င်းတို့ နေရာထိုင်ခင်းများကို မြှင့်တင်ထားကြပြီး၊ ၎င်းတို့မွေးမြူထားသည့် တိရိစ္ဆာန်များကိုပါ ထိုပြင်ဆင်ထားသည့်နေရာထိုင်ခင်းများတွင်ထားခြင်း သို့မဟုတ် အခြားဘေးလွတ်ရာနေရာများသို့ ရွှေ့ပြောင်းထားခဲ့ကြသည်။ အိမ်ထောင်စုအများအပြားမှာ ၎င်းတို့၏ အသက်မွေးဝမ်းကျောင်း အရင်းအမြစ်များကိုဆုံးရှုံးခဲ့ရပြီး၊ ၎င်းတို့ဘဝများကို မည်သို့ပြန်လည်ထူထောင်ရမည်ကို မသိကြသည့်အခြေအနေတွင်ရှိနေကြသည်။ ၎င်းတို့သည် ကြီးမားသောဆုံးရှုံးမှုများကို ခံစားရပြီး၊ အနာဂတ်များ မရေရာသည့်အခြေအနေတွင် ရှိကြသော်လည်း၊ ၎င်းတို့၏ ပြုမူဆောင်ရွက်ချက်များမှာ ရဲစွမ်းသတ္တိ၊ ဂုဏ်သိက္ခာတို့ဖြင့် ပြည့်ဝလျက်ရှိသည်။ "ရေဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများကို ကျွန်မမြင်တွေ့ခဲ့ရသော်လည်း၊ ရေဘေးသင့်ပြည်သူများမှာ ဂုဏ်သိက္ခာပြည့်ဝစွာဖြင့်၊ ၎င်းတို့၏ ကြံ့ကြံ့ခံ၊ရပ်တည်နိုင်မှုစွမ်းရည်ကို ပြသလျက်ရှိပါသည်။ ပြန်လည်ထူထောင်ရေးအတွက် ကုလသမဂ္ဂအနေဖြင့် ဆက်လက်ပံ့ပိုးကူညီသွားမည်ဆိုသည်ကို ပြည်သူများ စိတ်ချထားနိုင်ပါသည်" ဟုပြောကြားခဲ့ပါသည်။

ရေကြီးရေလျှံမှုများ စတင်ဖြစ်ပွားခဲ့သည့် အချိန်မှစ၍ ကုလသမဂ္ဂနှင့် မိတ်ဖက်အဖွဲ့အစည်းများသည် နိုင်ငံတော်အစိုးရဦးဆောင်သော ရေဘေးတုန့်ပြန်ကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်ခဲ့ကြပြီး၊ ရေဘေးသင့်ခဲ့သည့် အိမ်ထောင်စုများကို အရေးပေါ်ကယ်ဆယ်ရေး အထောက်အပံ့များ ပေးအပ်ခဲ့သည်။ အသက်ကယ်ဆယ်ရေး အစားအစာ မက်ထရစ်တန်ချိန် ပေါင်း ၂၅၀၀ တန်ကို လူပေါင်း ၄၀၃,၀၀၀ ကျော်အတွက် ပံ့ပိုးပေးခဲ့ပြီး၊ အရေးပေါ် နေထိုင်နိုင်ရန် အမိုးအကာများ ၁၀,၀၀၀ ကျော်နှင့် အမျိုးသမီးအသုံးအဆောင်ပစ္စည်းအစုံပေါင်း ၁၅,၀၀၀ ကျော်ကို ဖြန့်ဝေပေးခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ စေတနာ့ဝန်ထမ်း ၃၀၀,၀၀၀ကျော်ကို တုန့်ပြန်ကယ်ဆယ်ရေးအတွက် ဖြန့်ကျက်ထားခဲ့ခြင်းနှင့်၊ စီးပွားရေးလုပ်ငန်းရှင်များ၊ နိုင်ငံကျော်အနုပညာရှင်များမှစ၍ အငှားယာဉ်မောင်းများ၊ အနေးယာဉ်လုပ်သားများ၊ ရပ်ရွာဒေသများအတွင်းရှိ အဖွဲ့များအပါအဝင် လူမှုအဖွဲ့အစည်းတစ်ခုလုံး တညီတညွတ်တည်း ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများရရှိစေရန် ဆောင်ရွက်မှုများစသည့် အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ တုန့်ပြန်ကယ်ဆယ်ရေး ဆောင်ရွက်ချက်

OFFICE OF THE RESIDENT & HUMANITARIAN COORDINATOR • NO. 6 NATMAUK ROAD • P.O. BOX 650 YANGON • REPUBLIC OF THE UNION OF MYANMAR PHONE: (951) 542-911 • FAX: (951) 545-634 • INTERNET: REGISTRY.MM@UNDP.ORG

များမှာ အထူးပင် အံ့သြချီးကျူးဖွယ်ဖြစ်ပါသည်။

နာဂစ်ဆိုင်ကလုန်းမုန်တိုင်းတုန့်ပြန်ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်စဉ်က ရရှိခဲ့သော အတွေ့အကြုံများနှင့် သင်ခန်းစာများအားဖြင့် အသက်ပေါင်းများစွာကို ကယ်တင်နိုင်ခဲ့ပြီး၊ အစိုးရအနေဖြင့်လည်း ရေဘေးကို ကောင်းမွန်စွာ တုန့်ပြန် ဆောင်ရွက်နိုင်ခဲ့သည်။ နိုင်ငံတစ်ဝှမ်းလုံးတွင် ရေဘေး ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေသည့်နည်းတူ၊ ဘေးအန္တရာယ်လျှော့ချရေးကိုလည်း ထည့်သွင်း လုပ်ဆောင်ရန် အရေးကြီးပါသည်။ ခရီးစဉ်အတွင်း မစ္စ နာကာမိဆု နှင့်အတူ လိုက်ပါခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်နှင့် လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူး မစ္စ ရီနာတာ ဒက်စလီယန်မှလည်း "အိမ်ထောင်စုများ ၎င်းတို့၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရန် ကူညီပေးခြင်း၊ အခြေခံ အဆောက်အဦများ ပြင်ဆင်ခြင်းနှင့် ဝန်ဆောင်မှုများ မူလအနေအထားသို့ ရောက်စေရန်ဆောင်ရွက်ခြင်းစသည့် ကြိုးပမ်း ဆောင်ရွက်မှု များသည် အနာဂတ်တွင်ကြုံတွေ့ရနိုင်သည့် ဘေးအန္တရာယ်များကြောင့် လူအများ ထိခိုက်ပျက်စီးလွယ်သည့် အခြေအနေကို လျှော့ချ ပေးသည့် ဆောင်ရွက်ချက်များနှင့် ယှဉ်တွဲလုပ်ဆောင် ရန်လိုအပ်ပါသည်။ သစ်တောများပြန်လည်စိုက်ပျိုးခြင်း၊ တာတမံ များကို ပိုမိုခိုင်ခံ့အားကောင်းစေရန်ဆောင်ရွက်ခြင်း၊ ရေဖြန့်ဝေသုံးစွဲမှု စီမံခန့်ခွဲခြင်းနှင့် ဘေးအန္တရာယ်လျှော့ချရေး ဆောင်ရွက်ချက်များ ကိုလည်း တပြိုင်နက်တည်း ဆောင်ရွက်ခြင်းဖြင့် ပိုမိုကောင်းမွန်စွာ ပြန်လည်ထူထောင်၊ တည်ဆောက်မှုကို ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်" ဟု သူမ၏ တွေ့ရှိချက်ကို ပြောကြားခဲ့ပါသည်။

ဘေးအန္တရာယ်ကျရောက်သော ဒေသ ခြောက်ခု ဖြစ်သည့်  ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ကုလသမဂ္ဂမှ ဦးစီးဆောင်ရွက်ခဲ့သည့် ကနဦးလိုအပ်ချက်များ လေ့လာဆန်းစစ် မှုများမှ တွေ့ရှိချက်များအားဖြင့် ကနဦးရေဘေးပြန်လည်ထူထောင်ရေး အစီအစဉ်ကို ရေးဆွဲလျက်ရှိသည်။ ထိုစီမံကိန်းအစီအစဉ်တွင် ကျေးလက်အသက်မွေးဝမ်းကျောင်း ပြန်လည်ထူထောင်နိုင်ရေး၊ လူမှုရေးဝန်ဆောင်မှုများ ပြန်လည်စတင်နိုင်စေရေး၊ ရပ်ရွာအခြေခံ အဆောက်အဦများ ပြန်လည်ထူထောင်နိုင်ရေးတို့အတွက် ပံ့ပိုးကူညီမှုများ ဆက်လက်လိုအပ်လျက်ရှိခြင်းနှင့် အကူအညီ အထောက်အပံ့ များ ပေးအပ်ရာတွင် ညှိနှိုင်းဆောင်ရွက်မှုများ ဆက်လက်ပြုလုပ်သွားရန်လိုအပ်ခြင်းတို့ကို အဓိကထား ဖော်ပြထားသည်။ ထိုအစီအစဉ်ကို ကနဦးလေ့လာဆန်းစစ်မှုမှ အချက်အလက်များ ပိုမိုရရှိလာသည့်အချိန်၊ တစ်လကြာပြီးနောက်တွင် ထပ်မံဖြည့်စွက် သွားမည်ဖြစ်သည်။ နိုင်ငံတကာအသိုင်းအဝိုင်းမှ ယနေ့အထိ ရေဘေးတုန့်ပြန်ကယ်ဆယ်ရေး လုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၂၄.၄သန်းကို ပံ့ပိုးထားပြီးဖြစ်ကာ၊ ၎င်းတို့အနက်မှ အမေရိကန်ဒေါ်လာ ၁၁.၈ သန်းမှာ ကုလသမဂ္ဂမှ စီမံခန့်ခွဲနေသော ရန်ပုံငွေများမှ ပါဝင်မှုဖြစ်ပါသည်။


ပိုမို သိရှိလိုပါက ဆက်သွယ်ရန်
အော်လာဖေဂန် ၊ ပြန်ကြားဆက်သွယ်ရေးအရာရှိ၊ အာရှပစိဖစ်ဒေသဆိုင်ရာ လူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးရုံး၊
အီးမေးလ် - fagano@un.org၊ ဖုန်း - (+၉၅) ၉ ၂၆၃ ၄၆၇ ၇၅၀ ၊ ၉ ၃၀၃ ၂၆၇ ၅၁။

ဦးအေးဝင်း၊ ဒေသခံပြန်ကြားရေးအရာရှိ၊ ကုလသမဂ္ဂပြန်ကြားရေးဌာန၊
အီးမေးလ် - wina@un.org၊ ဖုန်း - (+၉၅) ၉ ၄၂၀ ၀၆၀ ၃၄၃။

*အစိုးရနှင့် လူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးရုံးမှ နောက်ဆုံး ထုတ်ပြန်သည့်*
*ရေဘေးအခြေအနေဆိုင်ရာ အစီရင်ခံစာများကို ရယူရန်  www.unocha.org/myanmar or www.reliefweb.int.*